ဧကန်မုချ လူတစ်ဦးနှင့် ရှိရ်က်၊ကုဖ်ရ်၏ အကြား၌

ဆွလာသ်စွန့်လွှတ်ခြင်းသာ ခြားနားသည်။

ဂျာဗိရ်(ရဿွိယလ္လာဟုအန်ဟု)က ဆင့်ပြန်ခဲ့သည်။ ကျွန်ုပ်သည်တမန်တော်မြတ်(ဆွလ္လလ္လာဟုအလိုင်းဟိဝစလ္လမ်) မိန့်ကြားတော်မူသည်ကို
ကြားသိခဲ့သည်။ ဧကန်မုချ လူတစ်ဦးနှင့် ရှိရ်က်၊ကုဖ်ရ်၏ အကြား၌
ဆွလာသ်စွန့်လွှတ်ခြင်းသာ ခြားနားသည်။ [صحيح] [رواه مسلم]

တမန်တော်မြတ်(ဆွလ္လလ္လာဟုအလိုင်းဟိဝစလ္လမ်)သည် ဖရ်ဿ်ွဆွလာသ် စွန့်လွှတ်ခြင်းကိုတားမြစ်တော်မူခဲ့သည်။ ၎င်းနောက် လူတစ်ဦးနှင့် ရှိရ်က်၊ကုဖ်ရ်တို့၏အကြား၌ဆွလာသ်စွန့်လွှတ်ခြင်းသာ ခြားထားကြောင်း အသိပေးမိန့်ကြားတော်မူခဲ့သည်။ ဆွလာသ်သည်အစ္စလာမ့်မဏ္ဍိုင်များအနက် ဒုတိယမဏ္ဍိုင်ဖြစ်သည်။ အစ္စလာမ်သာသနာ၌ ဆွလာသ်၏အဆင့်အတန်းသည် အလွန်ပင်ကြီးကျယ်လှသည်။ အကြင်သူသည် ဆွလာသ်၏တာဝန်ကို ငြင်းဆန်၍ဆွလာသ်ဝတ်ပြုမှုကို စွန့်လွှတ်ပါက သာသနာပညာ့ရှင်များအားလုံး တညီတညွတ်တည်း‌ ဆုံးဖြတ်ချက်အရ ထိုသူသည် ကာဖိရ်ပင်ဖြစ်သည်။ ထို့အတူ အကြင်သူသည် ပျင်းရိပေါ့ဆကာဆွလာသ်ကို လုံးဝစွန့်လွှတ်ထားပါက ထိုသူသည်လည်း ကာဖိရ်ပင်ဖြစ်သည်။ ဆွဟာဗဟ်အားလုံး၏ရပ်တည်ချက်သည် ဤအတိုင်းပင်ဖြစ်ကြောင်း ဆင့်ပြန်ချက်လာရှိထားသည်။ အကယ်၍ အကြင်သူသည်ဆွလာသ်ကို တစ်ခါတစ်ရံ စွန့်လွှတ်ပြီး တစ်ခါတစ်ရံ ဝတ်ပြုပါက ထိုသူသည် ဤပြင်းထံသည့်ခြိမ်းခြောက်မှုနှင့် သတိပေးခြင်းခံထားရသည်။

https://sunnah.global/hadeeth/my/show/65093